# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၅/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ မတ်လ(၂၀) ရက်

| ၂၀- ၃- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၂၈၂.၁၈ |
| စင်္ကာပူဒေါ်လာ | ၁၅၇၄.၆၉ |
| စတာလင်ပေါင် | ၂၇၂၃.၉၁ |
| ဂျပန်ယန်း (၁၀၀) | ၁၄၁၃.၄၃ |
| တရုတ်ယွမ် | ၂၉၀.၀၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၇၀.၂၂ |
| အိန္ဒိယရူပီး | ၂၄.၃၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၃.၅၃ |
| မလေးရှား ရင်းဂစ် | ၄၇၄.၇၄ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၇၀ |
| ထိုင်းဘတ် | ၆၂.၂၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ မလေးရှားနိုင်ငံက ရေရှည်တည်တံ့သည့် ဆီအုန်းလုပ်ငန်းကဏ္ဍတွင် ချန်ပီယံဖြစ်စေရေး ဆောင်ရွက်မည်

➢ ဂျပန်အစိုးရအနေဖြင့် အရန်ဆန်များကို မတ်လ ၁၀ ရက်နေ့တွင် ရောင်းချသွားမည့် သတင်းအား တင်ပြခြင်း

➢ အိန္ဒိယအစိုးရမှ ၁၀၀% ဆန်ကွဲတင်ပို့မှုပိတ်ပင်ချက်ကို ရုပ်သိမ်း

➢ အမေရိကန်-မက္ကဆီကို/ကနေဒါ အကောက်ခွန်စစ်ပွဲကြောင့် အိန္ဒိယဆန် တင်ပို့မှု အခွင့်အလမ်းများ ရှိနိုင်

➢ အိန္ဒိယအစိုးရ၏ ထောက်ပံ့ဈေးနှုန်းဖြင့် ရောင်းချပေးသော Bharat Dal အစီအစဉ်တွင် မူလက ကုလားပဲခွဲခြမ်းအပြင် ပဲတီစိမ်းခွဲခြမ်းနှင့် ပဲနီလေးခွဲခြမ်းတို့အား ထပ်မံထည့်သွင်း

- **အထွေထွေသတင်းများ**

➢ အိန္ဒိယရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုမှ ၎င်း၏ မြန်မာနိုင်ငံဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများအတွက် မြန်မာအမျိုးသမီး၊ ဒေါ်ဖြိုးမေဝင်းအား နိုင်ငံဆိုင်ရာ ဌာနမှူးအဖြစ် ခန့်အပ်

- အမေရိကန်ပြည်ထောင်စု၏ တန်ပြန်သွင်းကုန်ခွန်များ၏ ခြိမ်းခြောက်မှု အကြားတွင် အိန္ဒိယအစိုးရက တရုတ်ကုန်ပစ္စည်းများအစား အမေရိကန် ကုန်ပစ္စည်းများကို အစားထိုးတင်သွင်းရန် ပြည်တွင်းလုပ်ငန်းရှင်များအား တိုက်တွန်းပြောကြား

# မလေးရှားနိုင်ငံက ရေရှည်တည်တံ့သည့် ဆီအုန်းလုပ်ငန်းကဏ္ဍတွင် ချန်ပီယံဖြစ်စေရေး ဆောင်ရွက်မည်

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပတ်ဝန်းကျင်ဆိုင်ရာတာဝန်ယူမှုအပေါ် အလေးပေးမှု မြင့်တက်လာသည်နှင့်အညီ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတွင် ကမ္ဘာ့ဒုတိယအဆင့်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံသည်လည်း ရေရှည်တည်တံ့သည့် ဆီအုန်းလုပ်ငန်းကဏ္ဍတွင် ချန်ပီယံဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလေးရှားစားအုန်းဆီအသင်း (Malaysian Palm Oil Association – MPOA) က ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

စိုက်ပျိုးရေးနှင့်သီးနှံဝန်ကြီးဌာန ဝန်ကြီး Datuk Seri Johari Abdul Ghani က ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့် ပုဂ္ဂလိကကဏ္ဍနှင့် အသေးစားစိုက်ပျိုးထုတ်လုပ်သူများအကြား ရေရှည်တည်တံ့မှု နှင့်စပ်လျဉ်း၍ ပိုမိုလိုက်နာစေရေး 36th Palm and Lauric Oils Price Outlook Conference and Exhibition ၏ သတင်းစာရှင်းလင်းပွဲတွင် အလေးပေးပြောကြားခဲ့ပါသည်။

“မလေးရှားနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးဧကမှာ ဟက်တာ ၅.၇ သန်းရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက ဧက ၄.၂ သန်း၊ အသေးစားစိုက်ပျိုးထုတ်လုပ်သူများက ဧက ၁.၅ သန်းဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ကမ္ဘာ့အခြေအနေမှာ ရေရှည်တည်တံ့သည့် လုပ်ဆောင်ချက်များကို အလေးပေးလျက်ရှိရာ မလေးရှားနိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်အချိန်များက ဆီအုန်း စိုက်ပျိုးရန်အတွက် မြေရှင်းလင်းသည့်နည်းလမ်းကို အသုံးပြုခဲ့ကြောင်း၊ လက်ရှိအချိန်တွင် European Union Deforestation Regulation (EUDR) အပါအဝင် နိုင်ငံတကာစည်းမျဉ်းများ ရှိလာပြီဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အဆိုပါစည်းမျဉ်းသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ မြေအသုံးချမှု တိုးချဲ့ခြင်းထက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို အာရုံစိုက်သင့်ကြောင်းကို ဆီအုန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူများအား အမြဲသတိပေးပြောကြားကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် ရေရှည်တည်တံ့မှုဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာသည့် နိုင်ငံဖြစ်ရမည်ဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

၎င်းက ဆီအုန်းစိုက်ပျိုးမှုအတွက် သစ်တောပြုန်းတီးမှုများမှ ကာကွယ်ရေး မလေးရှားနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ပါသည်။ မလေးရှားနိုင်ငံသည် ရေရှည်တည်တံ့ရေးဆိုင်ရာ မျှော်မှန်းချက်များကို ချမှတ်ထားပြီး အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များတွင်လည်း ပါဝင်

Agribusiness & Trade

လက်မှတ်ရေးထိုးထားသည့်နိုင်ငံဖြစ်ပါသည်။ ၎င်းတို့တွင် ၂၀၅၀ ပြည့်နှစ် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုသုညဖြစ်ရေး၊ ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု ၄၅ ရာခိုင်နှုန်း လျှော့ချခြင်း၊ ၂၀၃၀ ပြည့်နှစ်တွင် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု ၃၀ ရာခိုင်နှုန်း လျှော့ချခြင်း၊ သစ်တောဖုံးလွှမ်းဧက အနည်းဆုံး ၅၀ ရာခိုင်နှုန်းရှိစေရေးစသည်တို့ပါဝင်ပါသည်။

မလေးရှားနိုင်ငံသည် ဥရောပသမဂ္ဂဈေးကွက်ကို မဆုံးရှုံးစေရေးအတွက် နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ကမ္ဘာက လက်ခံလာသည့် ရေရှည်တည်တံ့သည့် လုပ်ငန်းကဏ္ဍဖြစ်စေရေး၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် တာဝန်ယူမှုရှိသည့် ပတ်ဝန်းကျင်ဖြစ်စေရေးကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုံးသပ်တင်ပြ အပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စင်္ကာပူ

ရင်းမြစ်။ မလေးရှားစားအုန်းဆီအသင်း (Malaysian Palm Oil Association – MPOA)

.................................................................................................................

## ဂျပန်အစိုးရအနေဖြင့် အရန်ဆန်များကို မတ်လ ၁၀ ရက်နေ့တွင် ရောင်းချသွားမည့် သတင်းအား တင်ပြခြင်း

ဂျပန်အစိုးရအနေဖြင့် နိုင်ငံ့အရန်ဆန်၏ တစ်စိတ်တစ်ပိုင်းကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ၃-၃-၂၀၂၅ ရက်နေ့ထုတ် The Japan Times သတင်းစာတွင် “Japanese government to auction stockpiled rice on March 10” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းတွင် အစိုးရအနေဖြင့် နိုင်ငံအတွင်း ဆန်ဖြန့်ဖြူးမှုအခက်အခဲများ လျှော့ပါးစေရေးအတွက် နိုင်ငံ့အရန်ဆန်များအနက် တန်ချိန် ၂၁၀,၀၀၀ ကို ရောင်းချပေးသွားရန် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆုံးဖြတ်ခဲ့ကြောင်း၊ ပထမအကြိမ် တင်ဒါခေါ်ယူရာတွင် ဆန် တန်ချိန် ၁၅၀,၀၀၀ ကို လက်ကားဆန်ရောင်းဝယ်သူများသို့ ရောင်းချသွားမည် ဖြစ်ကြောင်းနှင့် သတ်မှတ်ချက်အနေဖြင့် တင်ဒါအောင်မြင်သူများထံမှ ဆန်များကို ပြန်လည်ဝယ်ယူသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အစိုးရမှ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ရောင်းချပေးမည့် အရန်ဆန်များသည် မတ်လကုန်တွင် စတိုးဆိုင်များသို့ ဖြန့်ဖြူးရောင်းချနိုင်မည် ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ဆန်ထုတ်လုပ်မှုအလွန်အမင်းကျဆင်းခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြီးကြီးမားမား ဖြစ်ပေါ်သည့် အခါမှသာ ယခုကဲ့သို့ အရန်ဆန်များ ရောင်းချပေးခဲ့ကြောင်းနှင့် ဖြန့်ဖြူးမှုလွယ်ကူချောမွေ့စေရေး နိုင်ငံ့အရန်ဆန်များ ရောင်းချပေးခြင်းမှာမူ ပထမဆုံးဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပထမအကြိမ် လေလံတင်ရောင်းချမည့် အရန်ဆန်များအား သိုလှောင်ထားသည့်နေရာ၊ ရိတ်သိမ်းထားသည့် ကာလ၊ ဆန်ထွက်ရှိရာနေရာနှင့် အမှတ်တံဆိပ်များကို အစိုးရအနေဖြင့် ထုတ်ဖော်ပြောကြားထားပြီး ဖြစ်ကြောင်းနှင့် ရောင်းချသွားမည့် ဆန်အမှတ်တံဆိပ်များတွင် Aomori ပြည်နယ်မှ Masshigura ၊ Yamagata ပြည်နယ်မှ Haenuki နှင့် Miyagi ပြည်နယ်မှ Hitomebore အမှတ်တံဆိပ်များ ပါဝင်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်အစိုးရမှ ရောင်းချသွားမည့် ဆန်တန်ချိန် ၁၅၀,၀၀၀ အနက် ဆန်တန်ချိန် ၁၀၀,၀၀၀ ကို ၂၀၂၄ ခုနှစ်တွင် ရိတ်သိမ်းခဲ့ခြင်း ဖြစ်ပြီး၊ ကျန်ဆန်တန်ချိန် ၅၀,၀၀၀ ကို ၂၀၂၃ ခုနှစ်တွင် ရိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တင်ဒါအောင်မြင်သူများအနေဖြင့် ဧပြီလမကုန်မီ ဆန်များကို အပြီးသယ်ယူရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်၊ နွေရာသီတွင် လက်လီအရောင်းဆိုင်များ၌ ဆန်ပြတ်လပ်မှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့မှုမှာ ပြန်လည်ကောင်းမွန်လာသော်လည်း ဆန်ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်အလက်များအရ နာမည်ကြီး ဆန်အမှတ်တံဆိပ်ဖြစ်သည့် Koshihikari ၏ ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၈၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၅ ကီလိုဂရမ် တစ်အိတ်လျှင် ၄,၃၆၃ ယန်း ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ ဂျပန်အစိုးရအနေဖြင့် အရန်ဆန်များ ဖြန့်ဖြူးရောင်းချပေးမှုကြောင့် ဂျပန်နိုင်ငံအတွင်း ဆန်ဈေးနှုန်းမှာ ကျဆင်းလာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး

တိုကျို

……………………………………………………………………………………………………………………

Agribusiness & Trade

## အိန္ဒိယအစိုးရမှ ၁၀၀% ဆန်ကွဲတင်ပို့မှုပိတ်ပင်ချက်ကို ရုပ်သိမ်း

အိန္ဒိယအစိုးရသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်၍ စည်းမျဉ်းစည်းကမ်းထုတ်ပြန်၍ ပိတ်ပင်ထားသော ၁၀၀% ဆန်ကွဲတင်ပို့မှုကို ယခုလ ၇ ရက် (သောကြာနေ့) က ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ အဆိုပါနေ့ ညနေပိုင်းတွင် ထုတ်ပြန်လိုက်သော နိုင်ငံခြားကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) ၏ အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၂၄-၂၅ အရ ယခုအခါ အိန္ဒိယနိုင်ငံမှ ဆန်ကွဲတင်ပို့မှုကို ယခင်က "တားမြစ်ထားသည့်" အဆင့်မှ လွတ်လပ်စွာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ကြေငြာချက်သည် အိန္ဒိယ စပါးသိုလှောင်ရုံများ၌ ဆန်စပါးများပြည့်လျှံနေခြင်းနှင့် ဆန်ပို့ကုန်လုပ်ငန်းရှင်အသိုင်းအဝိုင်းမှ ဖိအားပေးမှုတို့ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် အစိုးရမှ ဆန်ကွဲတင်ပို့မှု ပိတ်ပင်ခြင်းမပြုမီက တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အပြင် အထူးသဖြင့် ဆီနီဂေါနိုင်ငံသည် အိန္ဒိယ၏ ဆန်ကွဲအဓိက ဝယ်လက်နိုင်ငံများ ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါခဆုံးဖြတ်ချက်ကို လွန်ခဲ့သော သီတင်းပတ် တစ်ပတ်ခန့်ကတည်းက မျှော်လင့်နေခဲ့ကြကြောင်း ကုန်သွယ်ရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းမှ ပြောကြားခဲ့သည်။ ယခုအခါ ဗီယက်နမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့မှ ၁၀၀ % ဆန်ကွဲကို (ဗီယက်နမ်- ၁ တန်လျှင် ၃၀၇ ဒေါ်လာ၊ ပါကစ္စတန်- ၃၀၈ ဒေါ်လာ) ဈေးနှုန်းချိုသာစွာဖြင့် ယှဉ်ပြိုင်ရောင်းချလာသည့်အတွက် အိန္ဒိယအနေဖြင့် အဆိုပါဈေးကွက်တွင် စိန်ခေါ်မှုများရှိနိုင်ကြောင်း သိရသည်။ ထိုင်းနိုင်ငံမှ ဆန်ကွဲ ၁ တန်လျှင် ၃၅၆ ဒေါ်လာဖြင့် ရောင်းချလျက်ရှိသည်ကို ထောက်ရှုလျှင် အိန္ဒိယနိုင်ငံ၏ ဈေးနှုန်းသည် ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့ထက် မြင့်မားဖွယ်ရှိကြောင်း သိရသည်။

ကုန်သည်များ၏ အဆိုအရ အိန္ဒိယမှ ၁၀၀% ဆန်ကွဲအား ပြန်လည်တင်ပို့ရန် ခွင့်ပြုချက်သည် ဈေးနှုန်းကျဆင်းလျက်ရှိသော ကမ္ဘာ့ဆန်ဈေးကွက်ကို ယခုထက် ဖိအားပိုမိုဖြစ်စေမည်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဆန်ထုတ်လုပ်မှုနှင့် လက်ကျန်ပမာဏများပြားနေခြင်း၊ ဝယ်လက်များ၏ ဝယ်လိုအား လျော့နည်းနေခြင်းနှင့် အာရှတွင် ဆန်အသစ်များ ရိတ်သိမ်းထွက်ရှိမှုများကြောင့် ဆန်ဈေးနှုန်းအပေါ် ဖိအားများဖြစ်စေကာ ၂ နှစ်အတွင်း ကမ္ဘာ့ဆန်ဈေးနှုန်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

Agribusiness & Trade

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့်လည်း အိန္ဒိယနိုင်ငံ၏ ဆန်ကွဲတင်ပို့မှု ပြန်လည်ခွင့်ပြုလိုက်သော မူဝါဒအပြောင်းအလဲအား သိရှိပြီး၊ အရည်အသွေးနှင့် ဈေးနှုန်းထိန်းသိမ်းခြင်း၊ ဝယ်လက်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည်ဖြင့် လိုအပ်သလို ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India lifts ban on 100% broken rice, March 7, 2025.

## အမေရိကန်-မက္ကဆီကို/ကနေဒါ အကောက်ခွန်စစ်ပွဲကြောင့် အိန္ဒိယဆန်တင်ပို့မှု အခွင့်အလမ်းများ ရှိနိုင်

အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့အကြား လတ်တလောဖြစ်ပွားလျက်ရှိသော အကောက်ခွန်စစ်ပွဲကြောင့် အဆိုပါနိုင်ငံများအပြင် အမေရိကန်ဆန်ကို ဝယ်ယူလျက်ရှိသော အခြားနိုင်ငံများသို့ ဆန်တင်ပို့နိုင်ရန် အခွင့်အလမ်းနှင့် အလားအလာများ ပေါ်ပေါက်လာနိုင်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် မက္ကဆီကိုနိုင်ငံသို့ ဆန် ၆၃၈,၀၀၀ တန်နှင့် ကနေဒါနိုင်ငံသို့ ၂၅၀,၀၀၀ တန် (စုစုပေါင်းတန်ချိန် ၀.၉ သန်း) တင်ပို့လျက်ရှိရာ အဆိုပါနိုင်ငံများမှ တန်ပြန်အကောက်ခွန်မြှင့်တင်မှုများကြောင့် အကျပ်အတည်းများနှင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။ ၎င်းအနေဖြင့် အဆိုပါနိုင်ငံများအပြင် ဗဟိုအမေရိကနှင့် တောင်အမေရိကနိုင်ငံများ၊ ဂျပန်နိုင်ငံ၊ ကာရစ်ဘီယံဒေသနှင့် ပင်လယ်ကွေ့ဒေသများသို့လည်း ဆန်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ဆန်ထုတ်လုပ်မှု တန်ချိန် ၁၃၈ သန်းအထိ ရှိခဲ့ပြီး၊ လက်ရှိတွင် ဆန်သိုလှောင်မှုပမာဏ တန်ချိန် ၇၀ သန်းခန့် ပိုလျှံလျက်ရှိကြောင်း၊ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ဆန်ထုတ်လုပ်မှု တန်ချိန် ၁၅၀ သန်း၊ ပြည်တွင်းစားသုံးမှု တန်ချိန် ၉၀ သန်းဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ဆန်တန်ချိန် ၄၀ သန်းခန့် ပိုလျှံဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ကမ္ဘာ့ဆန်ကုန်သွယ်ရေး ပမာဏ တန်ချိန် ၅၅ သန်းမှ ၅၆ သန်း၏ ၄၀ ရာခိုင်နှုန်း (တန်ချိန် ၂၀ သန်း) ကို အိန္ဒိယမှ တင်ပို့လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအနေဖြင့် လက်ရှိတွင် အာဖရိကဈေးကွက်သို့ ဈေးနှုန်းချိုသာသော ပေါင်းဆန်နှင့် ဆန်ကြမ်းများကို အဓိကတင်ပို့လျက်ရှိသည့် အခြေအနေမှ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ကဲ့သို့ အဆင့်မြင့်ဈေးကွက်များသို့ ပြောင်းလဲတင်ပို့ရန် လိုအပ်ကြောင်း တီလန်ဂါနာပြည်နယ်စိုက်ပျိုးရေး တက္ကသိုလ် (Telangana State Agricultural University -PJTSAU)မှ ဆန်ဈေးကွက်ကျွမ်းကျင်သူ ပါမောက္ခ Jayashankar မှ အကြံပြုထားသည်။ အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်မူဝါဒ သည် အိန္ဒိယနိုင်ငံအတွက် ဈေးကွက်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး၊ ပြည်တွင်းဆန်ပိုလျှံမှုကို နိုင်ငံတကာတွင် ငွေကြေးရှာနိုင်သည့် "ဝင်ငွေသီးနှံ" အဖြစ် အသုံးချရန် အရေးကြီးကြောင်း ၎င်းမှ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှု ပိတ်ပင်ခဲ့စဉ်က အမေရိကန်ပြည်ထောင်စုသည် ၂၀၂၃ မတ်လ တွင် မက္ကဆီကိုနိုင်ငံသို့ ဆန်တန်ချိန် ၂ သိန်းတင်ပို့ခဲ့ရာမှ ၂၀၂၄ မတ်လတွင် ဆန်တန်ချိန် ၇ ဒသမ ၃ သိန်းအထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း Fitch Solutions ၏ BMI အစီရင်ခံစာအရ သိရသည်။ ၎င်းအနေဖြင့် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု မူဝါဒအပြောင်းအလဲမှတစ်ဆင့် အကျိုးအမြတ်ရရှိခဲ့ ကြောင်း ကျွမ်းကျင်သူမှ ထောက်ပြပြောကြားခဲ့သည်။

ယခုအခါ အမေရိကန်ပြည်ထောင်စုသည် ကနေဒါ၊ မက္ကဆီကိုနှင့် အခြားတောင်အမေရိက နိုင်ငံများသို့ ဆန် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀ ကျော်ဖြင့်ရောင်းချလျက်ရှိကြောင်း၊ အိန္ဒိယ နိုင်ငံအနေဖြင့် ဈေးကွက်တွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေပေါ်မူတည်၍ ဝယ်လိုအား-ရောင်းလို အား ကွာဟချက်နှင့် ဈေးနှုန်းအရ အသာစီးရရှိနိုင်သည့် အခြေအနေဖြစ်ကြောင်း ကုန်သွယ်ရေး ကျွမ်းကျင်သူမှ ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ ကုန်သွယ်ဖက်နိုင်ငံအချို့ အကြား ဖြစ်ပွားလျက်ရှိသော အကောက်ခွန်အပြန်အလှန်တိုးမြှင့်လျက်ရှိသည့် အခြေအနေမှတစ် ဆင့် ဆန်ဈေးကွက်တွင် အခွင့်အလမ်းများပေါ်ပေါက်လာနိုင်သည့် အခြေအနေကို ကျွမ်းကျင်သူမှ သုံးသပ်ထားသည့်အချက်များကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Indian rice likely to gain from US tariff war with Mexico, Canada, March 5, 2025.

Agribusiness & Trade

## အိန္ဒိယအစိုးရ၏ ထောက်ပံ့ဈေးနှုန်းဖြင့် ရောင်းချပေးသော Bharat Dal အစီအစဉ်တွင် မူလက ကုလားပဲခွဲခြမ်းအပြင် ပဲတီစိမ်းခွဲခြမ်းနှင့် ပဲနီလေးခွဲခြမ်းတို့အား ထပ်မံထည့်သွင်း

အိန္ဒိယအစိုးရအနေဖြင့် ပဲမျိုးစုံအား အစိုးရထောက်ပံ့ဈေးနှုန်းဖြင့် ရောင်းချပေးသော Bharat Dal အစီအစဉ်တွင် မူလက ထည့်သွင်းခဲ့သော ကုလားပဲခွဲခြမ်း (chana dal) အပြင် ပဲတီစိမ်းခွဲခြမ်း (Moong Dal) နှင့် ပဲနီလေးခွဲခြမ်း (masur dal) တို့အား ထပ်မံထည့်သွင်း၍ စားသုံးသူများထံ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဈေးနှုန်းတည်ငြိမ်မှုရန်ပုံငွေ (PSF) အောက်တွင် ဝယ်ယူထားသော ပဲတီစိမ်း (Moong) များအား Bharat Dal အမှတ်တံဆိပ်အသုံးပြု၍ အစိုးရထောက်ပံ့သည့်ဈေးနှုန်းဖြင့် စားသုံးသူများထံ လက်လီရောင်းချရန်အတွက် ပဲတီစိမ်းခွဲခြမ်းများအဖြစ်သို့ ပြောင်းလဲမည်ဖြစ်သည်။ အလားတူ ပဲနီလေး (Masur) ကိုလည်း ပဲနီလေးခွဲခြမ်းများအဖြစ်သို့ ပြောင်းလဲပြီး စားသုံးသူများထံ လက်လီဈေးနှုန်း ၁ ကီလိုဂရမ်လျှင် ၈၉ ရူပီးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း စားသုံးသူရေးရာ၊ အစားအသောက်နှင့် ပြည်သူ့ဖြန့်ဖြူးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး BL Verma က ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ခုတွင် စာဖြင့် ရေးသား၍ ဖြေကြားခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့သည့် Bharat Dal အစီအစဉ်၏ ပထမအဆင့်တွင် အစိုးရသည် ဈေးနှုန်းတည်ငြိမ်မှု ရန်ပုံငွေအောက်တွင် ဝယ်ယူထားသော ကုလားပဲ (chana) ကုန်လက်ကျန်များကို ထောက်ပံ့ဈေးနှုန်း ၁ ကီလိုဂရမ်လျင် ၆၀ ရူပီးနှုန်းဖြင့် လက်လီရောင်းချရန်အတွက် ခွဲခြမ်းအဖြစ်သို့ ပြောင်းလဲခဲ့သည်။ ထို့နောက် Bharat အမှတ်တံဆိပ် ကုလားပဲတန်ချိန် ၁၂ ဒသမ ၃၂ သိန်းခန့်ကို စားသုံးသူများထံ လက်လီရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်၏ ဒုတိယအဆင့်တွင် ကုလားပဲ တန်ချိန် ၃ သိန်းကို ၁ ကီလိုဂရမ်လျှင် ရူပီး ၇၀ နှုန်းဖြင့် ကုလားပဲခွဲခြမ်းအားလည်းကောင်း၊ ရူပီး ၅၈ နှုန်းဖြင့် ကုလားပဲလုံးအားလည်းကောင်း ၁ ကီလိုဂရမ် အထုပ်ငယ်များဖြင့် ခွဲဝေရောင်းချပေးခဲ့သည်။ ယင်းနောက် မတ်လ ၁၂ ရက်နေ့အထိ ကုလားပဲခွဲခြမ်းတန်ချိန် ၁ ဒသမ ၁၈ သိန်းခန့်နှင့် ကုလားပဲလုံး ၁၃,၄၉၅ တန်ခန့်ကို ပြည်နယ် ၂၆ ခုနှင့် ပြည်ထောင်စုနယ်မြေများသို့ ရွှေ့လျားဆိုင်ငယ် ၈,၉၃၉ ခု၊ စာရေးကိရိယာအရောင်းဆိုင်ငယ် ၃,၀၅၁ ခုနှင့် အဓိက e-commerce ပလက်ဖောင်း ၉ ခုတို့မှ တစ်ဆင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

Agribusiness & Trade

အဆိုပါ ဒုတိယအဆင့် အောက်ရှိ Bharat အမှတ်တံဆိပ် ပဲခွဲခြမ်းများကို ဗဟိုသမဝါယမ အဖွဲ့အစည်း သုံးခုဖြစ်သည့် အိန္ဒိယအမျိုးသားစိုက်ပျိုးရေး သမဝါယမရောင်းဝယ်ရေးအဖွဲ့ချုပ် (National Agricultural Cooperative Marketing Federation of India Ltd -Nafed)၊ Kendriya Bhandar နှင့် အိန္ဒိယအမျိုးသား သမဝါယမစားသုံးသူများ အဖွဲ့ချုပ်လိမိတက် (National Cooperative Consumers' Federation of India Limited -NCCF) တို့မှ ၎င်းတို့၏ ကိုယ်ပိုင် အရောင်းဆိုင်များ၊ မော်တော်ယာဉ်များ၊ e-commerce ပလက်ဖောင်းများနှင့် လက်လီအရောင်း ဆိုင်ကြီးများမှ တစ်ဆင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

Bharat အမှတ်တံဆိပ် ကုလားပဲခွဲခြမ်းများ ရောင်းချမှု ပထမအဆင့်၏ အကဲဖြတ်ဆောင် ရွက်ချက်ကို အိန္ဒိယနိုင်ငံ အရည်အသွေးကောင်စီက ဆောင်ရွက်ခဲ့သည်။ Bharat အမှတ်တံဆိပ် ပဲခွဲ ခြမ်းများ ဖြန့်ဖြူးရောင်းချမှုတွင် အများဆုံးခြေရာခံနိုင်စေရန်အတွက် ဖြန့်ဖြူးရေးဆိုင်ရာ ဓာတ်ပုံများ ကို အချိန်နှင့် တစ်ပြေးညီထိန်းသိမ်းထားရန်နှင့် အရောင်းဆိုင်ရာ တိုးတက်မှုအခြေအနေကို သက် ဆိုင်ရာသို့ နေ့စဉ်သတင်းပို့ရန် အစိုးရအဖွဲ့အစည်းများကို ပုံမှန်ညွှန်ကြားဆောင်ရွက်လျက်ရှိကြောင်း စားနပ်ရိက္ခာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ပါ၍ အိန္ဒိယအစိုးရသည် ပဲမျိုးစုံကို စားသုံးသူများ သက်သက်သာသာဖြင့် ဝယ်ယူရရှိနိုင် စေရန်အတွက် Bharat အမှတ်တံဆိပ် ပဲမျိုးစုံခွဲခြမ်းများကို အစိုးရထောက်ပံ့ကြေးဖြင့် ရောင်းချပေး လျက်ရှိရာ ကုလားပဲ၊ ပဲတီစိမ်းနှင့် ပဲနီလေးတို့ကို ဈေးကွက်ပေါက်ဈေးထက် သက်သာသောနှုန်း ထားများဖြင့် ဖြန့်ဖြူး ရောင်းချပေးလျက်ရှိသော အခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Hindu Businessline, Govt extends the Bharat Dal range to include moong dal and masur dal, March 19, 2025

………………………………………………………………………………………………

Agribusiness & Trade

**အိန္ဒိယရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုမှ ၎င်း၏ မြန်မာနိုင်ငံဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများအတွက် မြန်မာအမျိုးသမီး၊ ဒေါ်ဖြိုးမေဝင်းအား နိုင်ငံဆိုင်ရာဌာနမှူးအဖြစ်**

အိန္ဒိယရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သော ရိတ်သိမ်းချိန်လွန် ထောက်ပံ့ပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဖြေရှင်းရေးကုမ္ပဏီ Sohan Lal Commodity Management (SLCM)သည် ၎င်း၏ မြန်မာနိုင်ငံဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများအတွက် မြန်မာအမျိုးသမီး၊ ဒေါ်ဖြိုးမေဝင်းအား နိုင်ငံဆိုင်ရာ ဌာနမှူး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မဟာဗျူဟာအစပြုမှုဌာန၊ SLCM Ltd အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

အဆိုပါ ရာထူးအခန်းကဏ္ဍအရ ၎င်းအနေဖြင့် မြန်မာနိုင်ငံရှိ SLCM ၏ လုပ်ငန်းများကို ကြီးကြပ် ကွပ်ကဲရန်၊ ကုမ္ပဏီ၏ မဟာဗျူဟာမြောက်တိုးတက်မှုကို မောင်းနှင်ရန်နှင့် ဈေးကွက်အနေ အထားကို မြှင့်တင်ရန်အတွက် မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် တာဝန် ယူဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရသည်။

စီးပွားရေးစီမံအုပ်ချုပ်မှုမဟာဘွဲ့ (MBA) နှင့် လက်မှတ်ရ စီမံကိန်းဆိုင်ရာ စီမံခန့်ခွဲမှု ပညာရှင် တစ်ဦးဖြစ်သော ဒေါ်ဖြိုးမေဝင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အရောင်းဆိုင်ရာ ခေါင်းဆောင်မှု နှင့် မဟာဗျူဟာ တိုးတက်မှုနယ်ပယ်တို့၌ လုပ်ငန်းကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး၊ အတွေ့အကြုံ ၂၄ နှစ် နီးပါးရှိကြောင်း သိရသည်။

၎င်းတို့ကုမ္ပဏီ၏ အဆိုပါ မဟာဗျူဟာမြောက်အရွှေ့သည် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးမဟုတ်သော ကုန်စည်များအတွက် ရုပ်ပိုင်းနှင့် ဒစ်ဂျစ်တယ်တို့ ပေါင်းစပ်ထားသော ဖြေရှင်းနည်းလမ်းများ (phygital solutions) များအပြင် သိပ္ပံနည်းကျသိုလှောင်ရုံများကို အကောင် အထည်ဖော်ခြင်းဖြင့် လုပ်ငန်းများတိုးချဲ့ရန် ရည်ရွယ်ထားကြောင်း မီဒီယာထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ သိုလှောင်ရုံကဏ္ဍ (Myanmar's warehousing) သို့ ပထမဆုံးဝင်ရောက်သည့် အိန္ဒိယကုမ္ပဏီအနေဖြင့် SLCM သည် မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ ယနေ့အချိန်အထိ ၎င်းတို့ ကုမ္ပဏီမှ စီမံခန့်ခွဲလျက်ရှိသော ရပိုင်ခွင့် စုစုပေါင်း (Assets Under Management-AUM)တန်ဖိုး၊ အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၇၂ သန်း ရှိသည့် ဂိုဒေါင် ၃၀၀ ကျော်ကို စီမံခန့်ခွဲခဲ့ပြီး မြန်မာနိုင်ငံ၏ မတူကွဲပြားသော လုပ်ငန်းကဏ္ဍအသီး

Agribusiness & Trade

သီးတွင် ကုန်စည် အမျိုးအစား ၁၆၀၀ ကျော်အတွက် end-to-end သိုလှောင်ရုံဖြေရှင်းနည်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ကောင်းထွဋ်ခေါင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, SLCM appoints Phyo May Win as company's Myanmar head, March 19, 2025

## အမေရိကန်ပြည်ထောင်စု၏ တန်ပြန်သွင်းကုန်ခွန်များ၏ ခြိမ်းခြောက်မှုအကြားတွင် အိန္ဒိယအစိုးရက တရုတ်ကုန်ပစ္စည်းများအစား အမေရိကန်ကုန်ပစ္စည်းများကို အစားထိုးတင်သွင်းရန် ပြည်တွင်းလုပ်ငန်းရှင်များအား တိုက်တွန်းပြောကြား

အမေရိကန်ပြည်ထောင်စုသည် ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းလာသော ထုတ်ကုန်များ အပေါ် တန်ပြန်သွင်းကုန်ခွန်များ (reciprocal tariffs) ကို ဧပြီလ ၂ ရက်နေ့တွင် စတင်ကောက်ခံရန် စီစဉ်လျက်ရှိသောကြောင့် အိန္ဒိယနိုင်ငံတွင် ကုန်သွယ်ရေးလုပ်ငန်းများအပေါ် ထိခိုက်လာနိုင်သည့် စိုးရိမ်မှုများအကြား အိန္ဒိယ စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနသည် တရုတ်နှင့် အခြားနိုင်ငံများမှ ထုတ်ကုန်များအစား အမေရိကန်ထုတ်ကုန်များကို အစားထိုးတင်သွင်းရန် ပြည်တွင်းလုပ်ငန်းရှင်များအား တိုက်တွန်း ပြောကြားလိုက်ကြောင်း Indian Express ၏ ဖော်ပြချက်ကို ကိုးကား၍ Financial Express မှ ယခုလ ၁၅ ရက်က ဖော်ပြသည်။

အဆိုပါ ဆုံးဖြတ်ချက်သည် အမေရိကန်သမ္မတ Donald Trump က အမေရိကန်ပြည်ထောင်စုမှ တင်ပို့သော မော်တော်ကားနှင့် စိုက်ပျိုးရေးထုတ်ကုန်များအပေါ် အိန္ဒိယမှ ကောက်ခံသော အခွန်နှုန်းများ မြင့်မားနေသည့်အပေါ် ဝေဖန်ခဲ့ပြီးနောက် ရက်ပိုင်းအတွင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။ အိန္ဒိယအစိုးရသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် တရုတ်နှင့် ဥရောပသမဂ္ဂကဲ့သို့သော စီးပွားရေး အင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေးတင်းမာလာစေသည့် အပြောင်းအလဲများကို ထင်ဟပ်လျက်ရှိသော အမေရိကန်ပြည်ထောင်စု၏ ကျယ်ပြန့်သော အခွန်အခများကို ရှောင်ရှားရန်အတွက် အမေရိကန်ထုတ်ကုန်များအပေါ် အကောက်ခွန်လျှော့ချရေးနှင့် ဈေးကွက်ဝင်ရောက်ခွင့်များ ပိုမို ဆောင်ရွက်ပေးရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

**အစိုးရ၏ မဟာဗျူဟာနှင့် စက်မှုလုပ်ငန်းများ၏ စိုးရိမ်မှုများ**

အိန္ဒိယ ကုန်သွယ်ရေးဝန်ကြီး Piyush Goyal က အစိုးရအနေဖြင့် တင်ပို့သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်နှင့် အိန္ဒိယ ကုန်သွယ်ရေးကဏ္ဍအတွက် အကျိုးရှိသော ရလဒ်များ ရရှိစေရန် မဟာဗျူဟာမျိုးစုံကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ အဆိုပါ တန်ပြန်သွင်းကုန်ခွန် ကိစ္စနှင့် စပ်လျဉ်း၍ ၎င်းက "မိမိကိုယ်မိမိခုခံကာကွယ်လိုစိတ်" (protectionist mindset) မှ ကျော်လွန်၍ ရှေ့ရှုမျှော်မှန်းချက်ဖြင့် လုပ်ဆောင်ကြရန် ကုန်သွယ်ရေးအသိုင်းအဝိုင်းကို တိုက်တွန်းပြောကြားခဲ့သည်။

ယခုလ ၁၄ ရက်က ကျင်းပပြုလုပ်ခဲ့သော လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့် အစည်းအဝေး တစ်ခုတွင် အစိုးရနှင့် လုပ်ငန်းရှင်များအကြား အခွန်နှုန်းသစ်များ၏ အကျိုးဆက်များကို ဆွေးနွေးခဲ့ကြသည်။ သံမဏိနှင့် အလူမီနီယံ တင်ပို့သူများက အမေရိကန်၏ ၂၅ ရာခိုင်နှုန်း အခွန်နှုန်းကြောင့် အိန္ဒိယမှ တင်ပို့ကုန် ဒေါ်လာ ၅ ဘီလီယံခန့်ကို ထိခိုက်စေမည်ဟု ပြောကြားခဲ့သည်။ အိန္ဒိယ အင်ဂျင်နီယာပို့ကုန် မြှင့်တင်ရေးကောင်စီ (Engineering Export Promotion Council -EEPC) India ၏ ဥက္ကဋ္ဌ Pankaj Chadha က "အသေးစားနှင့်အလတ်စားလုပ်ငန်းများ (MSME) သည် အဆိုပါတင်ပို့မှု၏ ၇၀ ရာခိုင်နှုန်း ခန့်ကို ထုတ်လုပ်နေပြီး အခန်း ၇၃ (သံမဏိနှင့် သံထုတ်ကုန်များ) တစ်ခုတည်းကပင် ကန်ဒေါ်လာ ၃ ဘီလီယံကျော် ပါဝင်နေသည်။" ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

**အခွင့်အလမ်းများနှင့် WTO ၏ သတိပေးချက်**

တင်ပို့သူအချို့က အမေရိကန်၏ အကောက်ခွန်နှုန်းမြှင့်တင်မှုကြောင့် တရုတ်၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့မှ တင်ပို့မှုများ ကျဆင်းလာချိန်တွင် အိန္ဒိယအနေဖြင့် အမေရိကန်ဈေးကွက်၌ အခွင့်အလမ်းများရရှိနိုင်ကြောင်း ထောက်ပြခဲ့သည်။ အစည်းအဝေးတွင် ပါဝင်သူတစ်ဦးက စိုက်ပျိုးရေးကဏ္ဍကဲ့သို့သော အချို့ကဏ္ဍများမှလွဲ၍ ၎င်းအခွန်များသည် အိန္ဒိယ၏ ထုတ်လုပ်မှုကုန်ကျစရိတ်နိမ့်ကျမှု အားသာချက်ကြောင့် အခွင့်အရေးများ ဖန်တီးပေးနိုင်ကြောင်း၊ အခွန်လျှော့ချမှု ရှိလင့်ကစား နောက်ဆုံးတွင် ယှဉ်ပြိုင်နိုင်စွမ်းသာ အရေးပါမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က ကုန်သွယ်ရေးမူဝါဒများတွင် တည်ငြိမ်မှုမရှိခြင်းနှင့် အခွန်နှုန်းသစ်များ ထပ်မံပေါ်ထွက်လာနိုင်ခြေတို့ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးကို အလယ်အလတ်ကာလတွင် ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း သတိပေးခဲ့သည်။ WTO ၏ နောက်ဆုံးထုတ်ပြန်ချက်

Agribusiness & Trade

အရ ကုန်သွယ်ရေးဆိုင်ရာအညွှန်းကိန်း (barometer index) ၁၀၂ ဒသမ ၈ အထိ မြင့်တက်နေသော်လည်း အဆိုပါ တိုးတက်မှုသည် ယာယီသာဖြစ်နိုင်ကြောင်း၊ အကောက်ခွန်နှုန်းများ တိုးမည့်အရိပ်အယောင်ကြောင့် လုပ်ငန်းများနှင့် စားသုံးသူများသည် ယခုအခါတွင် ကုန်ပစ္စည်းများကို အရှိန်အဟုန်ဖြင့် တင်သွင်းလျက်ရှိပြီး နှစ်နှောင်းပိုင်းတွင် ဝယ်လိုအား ကျဆင်းလာနိုင်ကြောင်း၊ အဆိုပါ အခြေအနေများအရ အညွှန်းကိန်း ကို သတိထားပြီး သုံးသပ်ရန် WTO မှ အကြံပြုထားသည်။

သို့ပါ၍ အမေရိကန်ပြည်ထောင်စုမှ ယခုနှစ် ဧပြီလ ၂ ရက်နေ့မှ စတင်၍ ကျင့်သုံးဆောင်ရွက်ရန် စီစဉ်လျက်ရှိသော ၂၅ ရာခိုင်နှုန်းအထိကောက်ခံသွားမည့် တန်ပြန်သွင်းကုန်ခွန်များ (reciprocal tariffs) များနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံတွင် စိုးရိမ်မကင်းဖြစ်မှုများ ဖြစ်ပေါ်လျက်ရှိသကဲ့သို့၊ အထူးသဖြင့် သံ၊ သံမဏိနှင့် အလူမီယံထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိသော MSMEs များအပေါ် သက်ရောက်မှုရှိလာနိုင်သဖြင့် အစိုးရအနေဖြင့် မော်တော်ကားနှင့် စိုက်ပျိုးရေးထုတ်ကုန်များကဲ့သို့ အမေရိကန် သွင်းကုန်များအပေါ် အကောက်အခွန်လျှော့ပေါ့ပေးရန်နှင့် ဈေးကွက်ဝင်ရောက်ခွင့်များပိုမိုဖန်တီးပေးရန် စဉ်းစားလျက်ရှိသည်ကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Financial Express, Replace Chinese goods with US imports – govt tells industry amidst Trump's tariff threat, March 15, 2025

……………………………………………………………………………………………….

Agribusiness & Trade